# လွတ်လပ်ရေး ကြေညာခြင်း

**နံ့သာတိုက် ကနေ နိုင်ငံရေး ဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၃၂၆/က) ဖြင့် ၁၉၆၈ ခုနှစ်မှာ ပထမ အကြိမ် အဖြစ် ထုတ်ဝေ ဖြန့်ချိ ခဲ့တဲ့ ရဲဘော် လှမျိုးရဲ့ 'ပြည်ထောင်စု မြန်မာနိုင်ငံ သမိုင်းဝင် စာချုပ် စာတမ်းများ' ကနေ "လွတ်လပ်ရေး ကြေညာခြင်း" ကို ပြန်လည် ကူးယူ ဖော်ပြတာ ဖြစ်ပါတယ်။**



၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ၊ မိနစ် ၂၀ တွင် ဗြိတိသျှ အလံကို ချပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကို လွှင့်တင်နေစဉ်။

## လွတ်လပ်ရေး ကြေညာခြင်း

ဒုတိယ ကမ္ဘာစစ်ကြီး၏ နောက်ပိုင်း ကမ္ဘာ့ ဖက်ဆစ် တော်လှန်ရေး စစ်ပွဲကြီးသည် ဂျပန် ဖက်ဆစ်များ လက်နက် ချသည်နှင့် တပြိုင်နက် ၁၉၄၅ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အောင်မြင် ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ သို့သော် မပြီးဆုံး သေးသော ကမ္ဘာ့ ပြဿနာကြီး တခုကား ကျန်ရှိ နေပေသေးသည်။ ထို ပြဿနာကား အခြား မဟုတ်၊ နယ်ချဲ့တို့၏ လက်အောက်တွင် ကျွန်သဘောက် ဖြစ်နေ ကြရသည့် သန်းပေါင်း များစွာသော လူသားတို့၏ အမျိုးသား လွတ်လပ်ရေး ပြဿနာကြီးပင် ဖြစ်ပေသည်။

တို့ဗမာ အစည်းအရုံးကြီး သည် ဗမာနိုင်ငံ လွတ်လပ်ရေး ပြဿနာနှင့် ပတ်သက်၍ ရှေးယခင်က နိုင်ငံရေး အဖွဲ့အစည်းများနှင့် မတူဘဲ ခေတ်မီ၍ တိကျ ပြတ်သားသော အမြင် ဖြင့်သာ တင်ပြ တောင်းဆို ခဲ့လေသည်။ လူတန်းစား အခြေခံ၊ အမျိုးသားရေး တိုက်ပွဲကြီးများ ဖြင့်လည်း စနစ်တကျ တိုက်ပွဲ ဝင်ခဲ့ လေသည်။ ဗမာပြည် လွတ်လပ်ရေး တိုက်ပွဲ သမိုင်းတွင် ဝံသာနု အရေးတော်ပုံကြီး ပြီးဆုံးသည် အထိ ဟုမ္မရူး ခေါ်ကိုယ်ပိုင် အုပ်ချုပ်ရေး စနစ် တောင်းဆိုခြင်းသည် အမြင့်ဆုံး ဖြစ်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်မှ စ၍ တို့ဗမာ အစည်းအရုံး ခေတ် ရောက်မှသာ "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် အစစ" ဟူသော ကြွေးကြော်သံကို မြှင့်တင် ခဲ့ကြကာ လုံးဝ လွတ်လပ်ရေး ဆီသို့သာ အစဉ်တစိုက် ဦးတည် တိုက်ပွဲ ဝင်ခဲ့ ကြလေသည်။

တို့ဗမာ အစည်းအရုံးကြီး ၏ ထိုနိုင်ငံရေး ဦးတည်ချက် သမိုင်း ရလဒ်ကြီးမှာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဗမာပြည် နိုင်ငံရေး တိုက်ပွဲကြီးသည် "လုံးဝ လွတ်လပ်ရေး ရရှိရေး" ဟူသော ကြွေးကြော်သံ ဖြင့်ပင် ဆက်လက် တိုက်ပွဲ ဝင်ကြခြင်း ဖြစ်လေသည်။ ဗြိတိသျှ နယ်ချဲ့ အစိုးရသည် ဗမာနိုင်ငံအား ဆက်လက် ကျွန်ပြု စိုးမိုးရေး အတွက် ၁၉၄၅ ခု၊ မေလ ၁၇ ရက်နေ့တွင် "စက္ကူဖြူ စာတမ်း" ကို ထုတ်ပြန်ခဲ့သည်။ ဗမာနိုင်ငံ အုပ်ချုပ်ရေးကို ၁၉၃၅ ခု အုပ်ချုပ်ရေး အက်ဥပဒေရှိ ပုဒ်မ ၁၃၉ အရ ဘုရင်ခံအား အရေးပေါ် အာဏာများ ဆက်လက် အပ်နှင်း၍ တဦးတည်; အုပ်ချုပ်ရမည်။ အချိန် ကာလကို သုံးနှစ် သတ်မှတ်၍ ထိုအတော အတွင်း ဘုရင်ခံ တဦးတည်း အာဏာကို အသုံး ပြုရာတွင် အခြေအနေ ပေးပါက အတိုင်ပင်ခံ အမှုဆောင် အဖွဲ့နှင့် အတိုင်ပင်ခံ ဥပဒေပြု ကောင်စီများကို ဖွဲ့စည်း၍ အသုံးပြု နိုင်သည်ဟု စက္ကူဖြူ စာတမ်း က ဆိုပါသည်။

စာတမ်း၏ အနှစ်သာရမှာ ဗမာနိုင်ငံအား ဗြိတိသျှ နယ်ချဲ့တို့ ဆက်လက် ကျွန်ပြုရေး၊ ဗြိတိသျှ အရင်းရှင်ကြီးများ စနစ်တကျ ပြန်လည် သွေးစုတ်နိုင်ရေး၊ နောက်ဆုံး အုပ်ချုပ်ရေး အနေဖြင့် ဒိုမီနီယံ နိုင်ငံ အဆင့်အတန်း ပေးရလျှင်လည်း ယင်းတို့၏ အကျိုး စီးပွားကို နှစ်ဖက် သဘောတူ အကာအကွယ် ပေးရေးနှင့် ဗမာ ပြည်မနှင့် တောင်တန်း ဒေသ လူမျိုးစု များအား သွေးခွဲ ချန်လှပ် ထားရေး များသာ ဖြစ်သည်။

ဗြိတိသျှ နယ်ချဲ့ တို့၏ သဘောထားများ ဤသို့ ဆိုးဝါးစွာ ပေါ်ထွက် နေစဉ် ဗမာပြည်သူ တို့သည် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အဖွဲ့ချုပ်ကြီး၊ ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်၊ ယခင် မြေအောက် ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့၏ နောက်တွင် အထူး စည်းလုံး ညီညွတ်စွာ ရပ်တည်လျက် ရှိနေကြသည်။

၁၉၄၅ ခု၊ ဩဂုတ်လ ၁၂ရက်နေ့တွင် ဗမာ့ တပ်မတော် တပ်မှူးများ အားလုံးက "အမျိုးသား ညီညွတ်ရေး ပန်ကြားချက်" တစောင်ကို ပြည်သူ လူထုကြီးသို့ ထုတ်ပြန်ခဲ့သည်။ ဤ ပန်ကြားချက်သည် အမျိုးသား ညီညွတ်ရေးနှင့် လွတ်လပ်ရေး တိုက်ပွဲ ဆက်လက် ဆင်နွှဲကြရေး အတွက်

ပြည်သူတို့နှင့် နိုင်ငံရေး ခေါင်းဆောင် များအား အလေးအနက် လှုံ့ဆော် အားပေးရာ ရောက်ခဲ့ ပေသည်။

သို့ဖြင့် တဆက်တည်း ဗမာပြည်သူ တို့၏ လူထု နိုင်ငံရေး၊ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲကြီးကို "နေသူရိန် လူထု အစည်းအဝေးကြီး" ဖြင့် စတင် ခဲ့ကြ လေသည်။

၁၉၄၅ ခု၊ ဩဂုတ် ၁၉ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်မှ ဦးစီး၍ ရန်ကုန်မြို့၊ ဗဟန်း ရပ်ကွက် ကန်တော်ကြီး စောင်းရှိ နေသူရိန် ရုံကြီးတွင် အလွန် ကြီးကျယ်သော လူထု အစည်းဝေးကြီး တရပ်ကို ကျင်းပ ခဲ့သည်။ အစည်းအဝေး သဘာပတိ အဖြစ် ဗိုလ်ချုပ် အောင်ဆန်း၊ အခမ်းအနားမှူး အဖြစ် သခင်ချစ်၊ အတွင်းရေးမှူး အဖြစ် သခင်သန်းထွန်း တို့က ဆောင်ရွက် ကြသည်။

ဤလူထု အစည်းအဝေးကြီးသည် ဗြိတိသျှ စစ်အုပ်ချုပ်ရေး အောက်တွင် ပထဦးဆုံး အစည်းအဝေး ဖြစ်ရုံ မျှမက ဗမာပြည်သူ တို့၏ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲ သမိုင်းတွင် အလွန် အရေးကြီးသော မှတ်တိုင် တခု ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် အနာဂတ် လွတ်လပ်ရေး တိုက်ပွဲ အတွက် အရေးကြီးသော အမျိုးသားရေး လမ်းစဉ် တရပ်ကို ထိုလူထု အစည်းအဝေးကြီးမှ ခေါင်းဆောင်များ စုံညီ၊ ပါတီ အဖွဲ့အစည်းများ စုံညီ၊ တပ်မတော်သား များနှင့် လူထု အစုံအညီ ရှေ့မှောက်တွင် အခိုင်အမာ ချမှတ် နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအစည်းအဝေး မှပင် ဖဆပလ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့် ယာယီ စည်းမျဉ်း ဥပဒေကို ကြေညာ အတည်ပြု ခဲ့ပေသည်။

ထိုစဉ်က ဖဆပလ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်မှာ
(၁) ဖက်ဆစ် ဝါဒ ကမ္ဘာတွင် လုံးဝ ကွယ်ပျောက်သည် အထိ တိုက်ခိုက် ချေမှုန်းရေး၊
(၂) အတ္တလန္တိတ် ကြေညာချက်၊ တီဟီရန် ကြေညာချက်များ အတိုင်း ဗမာ ပြည်သူ ပြည်သား တို့သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ရေး၊
(၃) ဗမာပြည်ကြီးကို ပြည်သူတို့ ဆန္ဒအတိုင်း ပြန်လည် ထူထောင်ရေး၊
(၄) ဗမာပြည်ကို တိုင်းရင်းသား လူမျိုး အသီးသီး အားလုံး ပါဝင်သော သဘောတူ လွတ်လပ်စွာ ဖွဲ့စည်း ထားသည့် တိုင်းပြည်ကြီး အဖြစ် ထူထောင်ရေး။ ဤသို့ ထူထောင်ရာ၌ ပါဝင်သော လူမျိုး အသီးသီးအား မိမိတို့ ကံကြမ္မာကို မိမိတို့ ဖာသာ ဖန်တီး နိုင်သော အခွင့်အရေး ပေးရေး၊
ဟူ၍ ဖြစ်သည်။

ထိုနေသူရိန် လူထု အစည်းအဝေးကြီး မှပင် ဖဆပလ အဖွဲ့ချုပ်၏ နိုင်ငံရေး သဘောထား ကြေညာချက် တရပ်ကို ထုတ်ပြန် ခဲ့သည်။ ထိုနောက် အမျိုးသား ညီညွတ်ရေး အဆို၊ တိုင်းပြု ပြည်ပြု လွှတ်တော် ခေါ်ဆိုရေး အဆို၊ ဗမာ့ တပ်မတော် အဆိုများကို ဆုံးဖြတ် ခဲ့ကြသည်။ ထို့နောက် အမျိုးသား လွတ်လပ်ရေး တိုက်ပွဲကြီးကို ဦးစီးမည့် ဖဆပလ အဖွဲ့ချုပ် ဦးစီး အဖွဲ့ကြီးကို ကြေညာ ခဲ့လေသည်။

ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ချုပ်၏ ပထမဦးဆုံး ဦးစီး အဖွဲ့ဝင်များ။

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်လကျာ်
၃။ ဗိုလ်နေဝင်း
၄။ သခင်သန်းထွန်း
၅။ သခင်မြသွင်
၆။ သခင်ဗဟိန်း
၇။ သခင် သိန်းဖေ (တက်ဘုန်းကြီး)
၈။ ဦးဗဆွေ
၉။ ဦးကျော်ညိမ်း
၁၀။ သခင်ချစ်
၁၁။ သခင်ဝတင်
၁၂။ ဦးဘချို
၁၃။ ဦးချစ်မောင် (ဂျာနယ်ကျော်)
၁၄။ ဦးမြ (ဟင်္သာတ)
၁၅။ ဦးဘအုန်း
၁၆။ ဦးအေး
၁၇။ ဦးအောင်ဇံဝေ
၁၈။ ဦးဘိုမြ (ကသက)
၁၉။ ဦးကျော်ရင် (သခင်ကျော်ရင်)
၂၀။ ဦးဘဂျမ်း
၂၁။ ဦးဘဖေ
၂၂။ ဦးသိမ်းမောင် (ဝတ်လုံ)
၂၃။ ဦးပု
၂၄။ ဦးဆက်
၂၅။ ဦးမြ (ပျော်ဘွယ်)
၂၆။ ဦးဘဝင် (ဗိုလ်ချုပ် အစ်ကို)
၂၇။ ဦးတင်

၂၈။ ဆရာသာထို
၂၉။ ဦးဘခိုင် (မန်းဘခိုင်)
၃၀။ သခင် လေးမောင်
၃၁။ သခင်ညီ
၃၂။ မစ္စတာ ရာမန်
၃၃။ မစ္စတာ ရာရှစ်
၃၄။ ဦးကြင်မိုန်
၃၅။ ဦးမျိုးရှု။

ဤသို့ဖြင့် စစ်ကြီး ပြီးသည့်နောက် ဖဆပလ အဖွဲ့ချုပ်ကြီးသည် ဗမာ နိုင်ငံရေး ဇာတ်ခုံပေါ်တွင် အင်အား အကြီးဆုံးသော နိုင်ငံရေး အဖွဲ့ကြီး အဖြစ် ရပ်တည် လာပေသည်။ ပြည်သူတို့၏ နိုင်ငံရေး အုံကြွမှုသည် တနေ့တခြား ပြင်းထန် လာနေ ပေသည်။ ပြန်လည် ရောက်ရှိ လာသော ဗြိတိသျှ နယ်ချဲ့ အစိုးရသည် ဆင်းရဲသား ပြည်သူတို့၏ လက်ဝယ် ချွေးနီးစာဖြင့် ရရှိခဲ့သော ဂျပန် ငွေစက္ကူများကို တရားမဝင်ဟု မတရား ကြေညာခြင်း၊ ဆင်းမလား ပရိုဂျက် စီမံကိန်းများ အရ စီးပွားရေး ဖိနှိပ် သွေးစုတ်မှုများ အပြင်းအထန် လုပ်လာခြင်း၊ အထူးသဖြင့် စပါးဈေးကို ၁၁၀ ကျပ်/ ၁၂၀ ကျပ် ဈေးများ ဖြင့်သာ မတရား လက်ဝါးကြီးအုပ် ဝယ်ယူ ခေါင်းပုံဖြတ်ခြင်း၊ ကုန်ပစ္စည်းများ ရှားပါးကာ ကုန်ဈေးနှုန်းများ အဆမတန် မြင့်မား လာခြင်း၊ အနယ်နယ် အရပ်ရပ်တွင် ဓားပြမှု၊ လုယက်မှုများ အဆမတန် အုံကြွ ဖြစ်ပေါ် လာခြင်း၊ လုံခြုံမှု မရှိ ဖြစ်လာခြင်း၊ တောင်သူ လယ်သမားများ လယ်ယာကို စွန့်ပစ်၍ မြို့များသို့ တက်ရောက် လာခြင်း၊ အိန္ဒိယ အလုပ်သမားပေါင်း များစွာ ပြန်လည် တင်သွင်း လာခြင်း၊ ချစ်တီး မြေရှင်ကြီး များက မြေယာနှင့် ကွေ့ဟောင်း မြီဟောင်း များကို ပြန်တောင်း လာကြခြင်း၊ ကျွဲနွား ရှားပါးမှုကြီး ဖြစ်ပေါ် လာခြင်း စသည့် စီးပွားရေး မပြေလည်မှုကြီး များသည် နိုင်ငံရေး မကျေနပ်မှု များဖြင့် ပေါင်းစပ် မိသော အခါ အမျိုးသား တော်လှန်ရေး အရှိန်သည် ကြီးမား၍ လာလေသည်။

ဗြိတိသျှ နယ်ချဲ့ အစိုးရသည် ထိုအချိန်၌ ၎င်းကိုယ်တိုင် အင်္ဂလန် နိုင်ငံနှင့် တကွ အင်ပါယာကြီး တခုလုံးတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အကျပ်အတည်းကြီးများ ဆိုက်ရောက် ဖိစီး နေသော အချိန် ဖြစ်ရာ ဗမာပြည်၏ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများ ကိုလည်း မဖြေရှင်းနိုင် ဖြစ်လာ လေတော့သည်။ ကက်စဘီ ခေါ် ဗြိတိသျှ စစ်အုပ်ချုပ်ရေး သည်လည်း အထွေ အထွေသော နိုင်ငံရေး၊ စီးပွားရေး ပြဿနာကြီး များဖြင့် မနိုင်မနင်း ဖြစ်ကာ ယိမ်းယိုင် လာလေသည်။ ဤ အချိန်တွင် ဖဆပလ အဖွဲ့ချုပ်ကြီး နှင့်တကွ ပြည်သူ အပေါင်း တို့၏ "စစ်အုပ်ချုပ်ရေး ရပ်စဲလော့" "အမျိုးသား ယာယီ အစိုးရ ဖွဲ့လော့" "တိုင်းပြု ပြည်ပြု လွှတ်တော် ခေါ်လော့" ဟူသော ကြွေးကြော်သံ၊ တိုက်ပွဲသံ များမှာ တပြည်ထောင်လုံးတွင် ပဲ့တင် ဟီးလျက် ရှိနေ ပေသည်။ ပြည်သူတို့၏ လွတ်လပ်ခွင့် ဒီမိုကရေစီ တိုက်ပွဲများ သည်လည်း နယ်အရပ်ရပ်တွင် ပြင်းထန်စွာ ဆင်နွှဲ ဆန္ဒ ပြလာ ကြသည်။

ဤသို့ဖြင့် စစ်အုပ်ချုပ်ရေးသည် ၁၉၄၅ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရပ်စဲ၍ မြို့ပြ အုပ်ချုပ်ရေး စတင် ခဲ့လေသည်။

ဘုရင်ခံ ခေါ် ဆာဒေါ်မန် စမစ်သည် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်၏ ကိုယ်စားလှယ်များ ဖြစ်ကြသော ဗိုလ်ချုပ် အောင်ဆန်း၊ သခင် သန်းထွန်းနှင့် ဦးဘဖေတို့အား ဖိတ်ခေါ် ဆွေးနွေး လေသည်။ ထိုကာလတွင် ဗမာ ပြည်သူတို့၏ စက္ကူဖြူ အုပ်ချုပ်ရေး၊ တိုက်ဖျက်ရေး ဆန္ဒပြပွဲကြီး များမှာ တပြည်လုံးတွင် အလွန် ပြင်းထန်စွာ ဆင်နွှဲလျက် ရှိနေ ကြသည်။

ဖဆပလ အဖွဲ့ချုပ် ကိုယ်စားလှယ် များသည် ဘုရင်ခံနှင့် တွေ့ဆုံ ဆွေးနွေးရတိုင်း ယာယီ အမျိုးသား အစိုးရ ဖွဲ့စည်းရေး၊ တိုင်းပြု ပြည်ပြု လွှတ်တော် ခေါ်ဆိုရေး လမ်းကြောင်း ပေါ်မှ ရပ်၍ ဆွေးနွေး ကြသည်။ နယ်ချဲ့ ဘုရင်ခံသည် ဆာပေါ်ထွန်း ရပ်သေး အတိုင်ပင်ခံ အစိုးရ အဖွဲ့နှင့် ရုပ်သေး ဥပဒေပြု အဖွဲ့ တို့ဖြင့် အစွမ်းကုန် လှည့်စား လမ်းလွှဲ သော်လည်း ပြည်သူ လူထုကြီးသည် ဖဆပလ အဖွဲ့ချုပ်၏ ခေါင်းဆောင်မှု အောက်၌သာ ခိုင်ခိုင်မာမာ ရပ်တည်လျက် ရှိကြသည်။ ထိုအချိန်တွင် အလုပ်သမား ထုကြီးသည် လည်းကောင်း၊ တောင်သူ လယ်သမား ထုကြီးသည် လည်းကောင်း၊ စီးပွားရေး အကျပ်အတည်း ကြီးများကို အခြေခံ၍ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲကြီးနှင့် လူတန်းစား တောင်းဆိုချက်များ ပေါင်းစပ်ကာ အုံကြွ လှုပ်ရှား လာနေ ပေသည်။ မြောက်များ လှစွာသော လူတန်းစား အဖွဲ့အစည်းများ၊ သမဂ္ဂများ သည်လည်း ပေါ်ပေါက် ဖွဲ့စည်း လာနေ ပေသည်။

နယ်ချဲ့ ဘုရင်ခံ ဒေါ်မန်စမစ်သည် တိုင်းပြည်တွင် လွှမ်းမိုး လာသော ဖဆပလ အဖွဲ့ချုပ်၏ နိုင်ငံရေး ဩဇာကို မလွန်ဆန်နိုင် ဖြစ်လာ ပေသည်။ သို့ဖြင့် ဘုရင်ခံ၏ အမှုဆောင် အတိုင်ပင်ခံ ကောင်စီတွင် ဖဆပလ ကိုယ်စားလှယ်များ ပါဝင်ရန် ဖိတ်ခေါ် ဆွေးနွေး ခဲ့သည်။ စေ့စပ် ဆွေးနွေး ကြသော်လည်း ဖဆပလ အဖွဲ့ချုပ်သည် ယာယီ အမျိုးသား အစိုးရ ဖွဲ့စည်းရေး ပေါ်တွင် ရပ်၍ ဆွေးနွေး ကြရာ ပြေလည်မှု မရဘဲ တင်းမာ၍သာ လာလေသည်။

၁၉၄၆ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်ကြီးသည် ရွှေတိဂုံ အလယ်ပစ္စယံတွင် ပြည်လုံးကျွတ် ညီလာခံကြီးကို တခမ်းတနား ကျင်းပ လေသည်။ နိုင်ငံရေး ပါတီ အဖွဲ့အစည်းကြီးများ၊ လူထု လူတန်းစား လူမှုရေး အဖွဲ့အစည်းများ၊ တသီး ပုဂ္ဂလများနှင့် ခေါင်းဆောင်များ၊ စာပေ အနုပညာရှင်များ စသည်ဖြင့် ရာပေါင်း များစွာသော ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။ ထိုညီလာခံမှ အမျိုးသား လွတ်လပ်ရေး လမ်းကြောင်းကို အခိုင်အမာ ထပ်မံ အားဖြည့် ခဲ့ပေသည်။

ထို့နောက် မကြာမီ ၁၉၄၆ ခု၊ ဩဂုတ်လ ၄ ရက်နေ့တွင် ဘုရင်ခံ ဒေါ်မန်စမစ်သည် ဝမ်းကိုက် ရောဂါ ဖြစ်သည်ဟု အကြောင်း ပြ၍ ဗိလတ်သို့ ပြန်သွား ရလေသည်။ သူ၏ နေရာတွင် ဆာဟူးဗတ်ရန့်အား ခန့်ထား လေသည်။ ဗြိတိသျှ အစိုးရက ဗမာပြည်တွင် ဖဆပလ အဖွဲ့ချုပ်နှင့် စေ့စပ် လုပ်ဆောင် နိုင်ရန် ဘုရင်ခံ သစ်အား ကျယ်ပြန့်သော အခွင့် အာဏာများ အပ်နှင်း စေလွှတ် ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအချိန် ဗမာပြည် လူထုကြီးသည် အင်းစိန် ခရိုင် ထန်းတပင် မြို့နယ်၌ ၁၉၄၆ခု၊ မေလ ၁၈ ရက်နေ့တွင် ဖြစ်ပွား ခဲ့သော တောင်သူ လယ်သမား တို့၏ စီတန်း ဆန္ဒ ပြပွဲကြီးအား ပုလိပ်တို့က သေနတ်ဖြင့် ပစ်သတ် ခဲ့သည်ကို အကြောင်း ပြု၍ နယ်ချဲ့ ဆန့်ကျင်ရေး အုံကြွမှုကြီးများ တနေ့တခြား ကြီးမား၍ လာလေသည်။

ဖဆပလ အဖွဲ့ချုပ်သည် လူထု လူတန်းစား အခြေခံသော နိုင်ငံရေး တိုက်ပွဲကြီးကို ပိုမို တိုးမြှင့်ပေးရန် ကြိုးပမ်း လာလေသည်။ ထိုအချိန်တွင် အိန္ဒိယ နိုင်ငံတွင် အမျိုးသား ခေါင်းဆောင်ကြီး ပန်ဒစ်နေရူး၏ ခေါင်းဆောင်မှုဖြင့် ယာယီ အမျိုးသား အစိုးရ အဖွဲ့ ဖွဲ့စည်း ပေးရန် အခြေအနေ သစ်များ

ပေါ်ပေါက် နေပြီ ဖြစ်သည်။

ဗြိတိသျှ နယ်ချဲ့တို့ ခန့်ထားသော ဘုရင်ခံသစ် ရန့်သည် ၁၉၄၆ ခု၊ စက်တင်ဘာလ၂ ရက်နေ့တွင် ဗမာနိုင်ငံသို့ ဆိုက်ရောက် လာခဲ့သည်။ ထိုအချိန်၌ ဗမာ ပြည်သူတို့၏ အမျိုးသား လွတ်လပ်ရေး၊ နိုင်ငံရေး အုံကြွမှုသည် ထန်းတပင် သေနတ် ပစ်ခံရမှုမှ စ၍ ဆက်လက် လှုပ်ရှားလျက် ရှိသည်။ စက်တင်ဘာလ ၆ ရက်နေ့ တွင်မူ ဦးဝမ်းမောင်၊ ဦးသန်းမောင်၊ ဦးစိုးလင်းတို့ခေါင်းဆောင်သော ရန်ကုန် မြို့တော်ရှိ ပုလိပ် အဖွဲ့ဝင်ပေါင်း သုံးထောင် ကျော်တို့သည် "ကရောင်း တံဆိပ်ဖြုတ်၍ ဒေါင်းတံဆိပ် လုပ်ကြမည်" ဟူသော ကြွေးကြော်သံ များဖြင့် ရွှေတိဂုံ စေတီတော်ကြီးသို့ ချီတက် သပိတ် မှောက်ကြ လေသည်။ ဗမာပြည် ဗြိတိသျှ အုပ်စိုးရေး သမိုင်းတွင် အထူးခြား ဆုံးသော ပုလိပ် သပိတ်မှောက်မှု ကြီးပင် ဖြစ်သည်။

ပုလိပ် မင်းကြီးက သပိတ်မှောက် ပုလိပ်များကို အလုပ်မှ ချင်ချင်း ထုတ်ပစ် လိုက်သည်ဟု ကြေညာ လိုက်သော အခါ သပိတ် မှောက်မှုမှာ တပြည်လုံးသို့ ကူးစက် သွားလေ တော့သည်။ အစိုးရ၏ ဌာနပေါင်း များစွာမှ အမှုထမ်း အရာထမ်း တို့သည် လည်းကောင်း၊ ရေနံမြေနှင့် မီးရထား အလုပ်သမားများ အပါအဝင် စက်ရုံ၊ အလုပ်ရုံ များမှ အလုပ်သမား များစွာ တို့သည် လည်းကောင်း၊ သပိတ် မှောက်ကြ လေသည်။ ဤ အထွေထွေ သပိတ်ကြီးသည် ဖဆပလ အဖွဲ့ချုပ်မှ ကြီးမှူး ဆင်နွှဲ နေသော အမျိုးသား လွတ်လပ်ရေး တိုက်ပွဲကြီးကို တိုက်ရိုက် ကျေးဇူး ပြုလေသည်။ ထို့ပြင် ဖဆပလမှ ကြီးမှူး၍ စက်တင်ဘာလ၊ ၂၉ ရက်နေ့တွင် ဗြိတိသျှ နယ်ချဲ့တို့၏ စက္ကူဖြူ အုပ်ချုပ်ရေး လူထု အုံကြွ ကန့်ကွက်ပွဲကြီးကို ကြီးကျယ်စွာ ဆင်နွှဲ ခဲ့ကြ လေသည်။

အတိတ် သမိုင်း၏ ဖြစ်စဉ် ရလဒ် များသည် ပစ္စုပ္ပန် ဖြစ်ရပ် များကို ကွင်းဆက်၍ ကျေးဇူး ပြုမြဲ ဖြစ်သည်။ ၁၉၄၆ ခု၊ နိုင်ငံရေး အထွေထွေ သပိတ်ကြီးသည် တို့ဗမာ အစည်းအရုံးကြီးမှ ၁၉၃၈ – ၃၉ တွင် ခေါင်းဆောင် ဆင်နွှဲ ခဲ့ကြသော ၁၃၀၀ ပြည့် သပိတ် ပေါင်းစုံ လူထု အရေးတော်ပုံကြီး၏ ကွင်းဆက် ရလဒ်ပင် ဖြစ်သည်။ အလုပ်သမား၊ တောင်သူ လယ်သမား များနှင့် ကျောင်းသား တို့သည် ဤကဲ့သို့သော လွန်ခဲ့သည့် ခုနစ်နှစ်က ရရှိခဲ့သော အတွေ့အကြုံ များဖြင့် ယခု ၁၉၄၆ ခု၊ အမျိုးသား လွတ်လပ်ရေး လူထု အရေးတော် ပုံကြီးကို အောင်မြင်စွာ ဆင်နွှဲ နိုင်ခြင်းပင် ဖြစ်သည်။

ဤ ၁၉၄၆ ခု နိုင်ငံရေး အထွေထွေ သပိတ်ကြီးသည် ယိုင်နဲ့ နေပြီ ဖြစ်သော ဗြိတိသျှ အစိုးရ၏ အုပ်စိုးမှုကို ပြင်းထန်စွာ ထိုးနှက် လိုက်ခြင်း ဖြစ်သည်။ နယ်ချဲ့ တို့က ထိုလူထု အရေးတော်ပုံကြီးကို လိမ္မာစွာ အလျှော့ပေး မတားဆီး ပါက ဗမာပြည်တွင် လက်နက်ကိုင် အမျိုးသား တော်လှန်ရေးကြီး တရပ် မုချ ဖြစ်တော့ မည်ကို သိရှိ လာသော ဗြိတိသျှ နယ်ချဲ့ သမားသည် တော်လှန်ရေးကြီးကို အချိန်မီ တားဆီးရန် အတွက် ဖဆပလ အဖွဲ့ချုပ်နှင့် စေ့စပ်ရန် စိုင်းပြင် လေတော့သည်။ ဖဆပလ အဖွဲ့ချုပ် ကလည်း ထိုအခြေအနေကို အခွင့်ကောင်း ယူ၍ တိုက်ပွဲကို တဆင့်မြှင့်ရန် ရည်ရွယ်ချက်ဖြင့် ဘုရင်ခံနှင့် စေ့စပ်ရေးကို လက်ခံ ခဲ့လေသည်။

ဤသို့ဖြင့် ဖဆပလ အဖွဲ့ချုပ်၏ တောင်းဆိုချက် များကို ဘုရင်ခံက လိုက်လျော စေ့စပ် သဖြင့် ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ယာယီ ကြားဖြတ် အစိုးရ အဖွဲ့ကို ကြေညာ ခဲ့လေသည်။ ထိုအစိုးရ အဖွဲ့တွင် ဖဆပလ အဖွဲ့ချုပ် ကိုယ်စားလှယ်များက အများစု ပါပြီး၊ သခင် ဗစိန်နှင့် ဦးစော တို့လည်း ပါဝင် ကြသည်။ ဗိုလ်ချုပ် အောင်ဆန်းသည် အစိုးရ အဖွဲ့ ဒုတိယ ခေါင်းဆောင် အဖြစ် ကာကွယ်ရေးနှင့် နိုင်ငံရေး ဌာနများ ကိုပါ တာဝန် ခံလေသည်။ အထွေထွေ နိုင်ငံရေး သပိတ်ကြီး ကိုလည်း အောက်တိုဘာလ ၄ ရက်နေ့တွင် ရပ်စဲ စေပြီး အမှုထမ်း အရာထမ်းနှင့် လုပ်သားထု တို့၏ တောင်းဆိုချက် များကို အစိုးရ အဖွဲ့သစ် အနေဖြင့် လက်ခံ စေ့စပ် လေသည်။

ဖဆပလ အဖွဲ့ချုပ်သည် ယာယီ ကြားဖြတ် အစိုးရ ဖွဲ့စည်းပြီး ရက်ပေါင်း ၄၀ မျှ အကြာ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဗြိတိသျှ အစိုးရအား နိုင်ငံရေး ရာဇသံ တရပ် ထုတ်ပြန် ပေးပို့ လိုက်လေသည်။

ထိုရာဇသံတွင် (၁) ၁၉၄၇ ခု၊ ဧပြီလတွင် တိုင်းပြု ပြည်ပြု လွှတ်တော် ခေါ်ဆိုရေး၊ ရွေးကောက်ပွဲ ကျင်းပ ပေးရန်။ (၂) တိုင်းပြု ပြည်ပြု လွှတ်တော်တွင် တောင်တန်း ဒေသနှင့် တကွ လူမျိုးစု ကိုယ်စားလှယ်များ တလုံး တစည်းတည်း ပါဝင်နိုင်ခွင့် ရှိစေရန်။ (၃) ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့ မတိုင်မီတွင် မြန်မာနိုင်ငံအား တနှစ် အတွင်း လုံးဝ လွတ်လပ်ရေး ပေးပါမည်ဟု အတိအလင်း ကတိပြု ကြေညာရန်။ (၄) ထိုကာလ အတွင်း ဗမာနိုင်ငံတွင် လုပ်ဆောင် နိုင်သော ဗြိတိသျှ တို့၏ စီးပွားရေး ပရိုဂျက် စီမံကိန်း များကို ပြန်လည် စစ်ဆေးရန် ဟူ၍ ပါရှိ လေသည်။ ဤနိုင်ငံရေး ရာဇသံသည် ဗြိတိသျှ အစိုးရအား လည်းကောင်း၊ ဗမာပြည်သူ လူထုကြီးအား လည်းကောင်း များစွာ ဂယက်ရိုက် သွားလေသည်။ အမျိုးသား လွတ်လပ်ရေး နိုးကြားမှု များဖြင့် အုံကြွ လှုပ်ရှား နေသော လူထုကြီးအား ဖဆပလ အဖွဲ့ချုပ်နှင့် တသွေးတည်း၊ တသားတည်း ဖြစ်နေ စေရန် တိုက်ပွဲကို အရှိန်မပျက် ဆက်လက် မြှင့်တင် ပေးလိုက်ခြင်းပင် ဖြစ်သည်။

ဖဆပလ အဖွဲ့ချုပ်၏ ဤ နိုင်ငံရေး ရာဇသံကို ဗြိတိသျှ အစိုးရက လက်ခံ လာရပြီး၊ ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖဆပလ အဖွဲ့ ခေါင်းဆောင် များကို ဖိတ်ခေါ် ခဲ့လေသည်။ ထို့နောက် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း၊ သခင်မြ၊ ဦးဘဖေ၊ ဦးတင်ထွတ်၊ သခင် ဗစိန်နှင့် ဦးစောတို့ ပါဝင်သော ခြောက်ဦး ကိုယ်စားလှယ် အဖွဲ့ကို လန်ဒန်မြို့သို့ စေလွှတ် လေသည်။ ဖဆပလ အဖွဲ့ချုပ်သည် ထိုဗိလတ် အရေးဆိုပွဲကို ပြည်တွင်း လူထု တိုက်ပွဲများဖြင့် အဓိက အားဖြည့် ဆောင်ရွက် ခဲ့လေသည်။ အထူးသဖြင့် ငြိမ်းချမ်းစွာ အရေး ဆို၍ မအောင်မြင် ပါက လက်နက်ကိုင် အရေးဆိုခြင်း ပြုရန်ပင် ပြင်ဆင် စည်းရုံး ထားပြီး ဖြစ်သည်။

နောက်ဆုံး ဇန်နဝါရီလ ၂၇ ရက်နေ့ တွင်မူ မြန်မာ ကိုယ်စားလှယ် အဖွဲ့နှင့် ဘိလပ် အစိုးရ တို့သည် (၁) ယာယီ ကြားဖြတ် အစိုးရကို ဒိုမီနီယံ အာဏာမျိုး အပ်နှင်းရေး၊ (၂) တိုင်းပြု ပြည်ပြု လွှတ်တော် ခေါ်ဆိုရေး၊ (၃) ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်ကို ဗိလတ် ပါလီမန်မှ လက်ခံ သဘောတူရေး၊ (၄) တောင်တန်း ဒေသ လူမျိုးများ၏ ဆန္ဒကို တရားဝင် ရယူ၍ ဗမာ ပြည်မနှင့် ပူးပေါင်း ဖွဲ့စည်းရေး၊ (၅) တိုင်းပြု ပြည်ပြု လွှတ်တော်သည် ကြားဖြတ် အမျိုးသား လွှတ်တော် အဖြစ် တိုင်းပြည် လွတ်လပ်ရေး ကြေညာရန် ပြင်ဆင်ရေး စသည်များ ပေါ်တွင် သဘောတူချက် ရရှိ လေသည်။ ဦးစောနှင့် သခင် ဗစိန် တို့ကမူ သဘော မတူခဲ့ ကြချေ။ ဤ သဘော တူညီချက်ကို အောင်ဆန်း – အက်တလီ စာချုပ်ဟု ခေါ်တွင် လေသည်။ ထို သဘောတူ စာချုပ် အရ ဗိုလ်ချုပ် အောင်ဆန်းသည် တောင်တန်း ဒေသ လူမျိုးစု များ၏ တရားဝင် ဆန္ဒကို ရယူရန် အပြင်းအထန် ကြိုးပမ်း ခဲ့သည်။ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသော ပင်လုံ တိုင်းရင်းသား ညီလာခံကြီးတွင် ပြည်ထောင်စု ညီညွတ်ရေး အတွက် အခြေခံ သဘော တူညီချက် များကို အောင်မြင်စွာ ရယူ တည်ဆောက် နိုင်ခဲ့ လေသည်။

၁၉၄၇ ခု၊ ဧပြီလတွင် တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ပြီး ဖဆပလ အဖွဲ့ချုပ်မှ အမတ်ပေါင်း ၂၅၅ ဦး အနက် ၁၇၈ အများစု ရရှိ လေသည်။

၁၉၄၇ ခု၊ မေလ ၁၈ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ် မှ ပြည်ထောင်စု ဖွဲ့စည်း အုပ်ချုပ်ပုံ ရေးဆွဲရေး ပဏာမ ညီလာခံကြီးကို ရန်ကုန်မြို့တော် ဂျူဗလီဟောတွင် ကျင်းပ လေသည်။ ဖဆပလ၏ တိုင်းပြည်ပြု လွှတ်တော် အမတ် များနှင့် တကွ ပြည်သူ့ အဖွဲ့စည်း ကိုယ်စားလှယ်များ၊ အထူး ဖိတ်ကြားခြင်း ခံရသော ကိုယ်စားလှယ်များ စသည့် ကိုယ်စားလှယ်ပေါင်း တထောင် နီးပါး တက်ရောက် ဆွေးနွေး ကြသည်။ လုံးဝ လွတ်လပ်သော ပြည်ထောင်စု မြန်မာ နိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ မူကြီး များကို တင်သွင်း ဆွေးနွေး အတည် ပြုကြသည်။ ထိုနောက် တိုင်းပြည်ပြု လွှတ်တော် ညီလာခံတွင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် အဆိုပါ အခြေခံ မူကြီးများကို တင်သွင်း အတည် ပြုခဲ့ လေသည်။ ထိုနောက် ဗမာနိုင်ငံ လွတ်လပ်ရေး ကြေညာရန်နှင့် ပြင်ဆင်မှု လုပ်ငန်းများ ဆွေးနွေး ညှိနှိုင်းရန် အတွက် သခင်နု ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို ဘိလပ်သို့ ဇွန်လ ၁၈ ရက်နေ့တွင် စေလွှတ် ခဲ့လေသည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ တွင်မူ ဗမာပြည် တိုင်းရင်းသား တမျိုးသားလုံးအား ထိခိုက် နစ်နာစေသော လုပ်ကြံမှုကြီး တခု ဖြစ်ပွား ခဲ့သည်။ ထို လုပ်ကြံမှုကြီး မှာ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီး များအား နယ်ချဲ့ လက်ပါးစေ အတိုက်အခံ ခေါင်းဆောင် ဦးစော၏ တပည့် ဂိုဏ်းသား များက အတွင်းဝန်ရုံးကြီး အတွင်း အစည်းအဝေး ခန်းမသို့ ဝင်ရောက်၍ ဒလကြမ်း ပစ်ခတ် သတ်ဖြစ် ကြခြင်းပင် ဖြစ်သည်။ ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန် စော်ဘွားကြီး၊ ဆရာကြီး ဦးရာဇတ်၊ မန်းဘခိုင်နှင့် တကွ အတွင်းဝန် ဦးအုန်းမောင်၊ ကိုယ်ရံတော် ကိုထွေး တို့ ကျဆုံး ခဲ့လေသည်။

ခေါင်းဆောင်ကြီးများ ကျဆုံး ကုန်သော်လည်း လူထုကြီးသည် အမျိုးသား လွတ်လပ်ရေး ပန်းတိုင်ကို မျက်ခြေပြတ် မခံဘဲ ဆက်လက် ချီတက် အားခဲ အုံကြွဆဲပင် ရှိကြ ပေသည်။ ထို အခြေအနေကို သိသော ဗြိတိသျှ အစိုးရသည် ဖဆပလ အဖွဲ့ချုပ်နှင့်ပင် လမ်းကြောင်းမပျက် ပြန်လည် ဆက်ဆံ၍ နောက်တနေ့ ဖြစ်သော ဇူလိုင်လ ၂၀ ရက်နေ့ တွင်ပင် သခင်နုအား ကြားဖြတ် အစိုးရကို ဆက်လက် ဖွဲ့စည်း စေခဲ့သည်။

တိုင်းပြု ပြည်ပြု လွှတ်တော်သည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကြမ်းကို ၁၉၄၇ ခု၊ စက်တင်ဘာ ၄ ရက်နေ့တွင် နောက်ဆုံး ဆွေးနွေး အတည်ပြု ကြသည်။ ဗြိတိသျှ အစိုးရက ဗမာနိုင်ငံ အစိုးရသို့ နိုင်ငံ အချုပ်အခြာ အာဏာ လွှဲပြောင်းရေး နု – အက်တလီ စာချုပ်ကို အောက်တိုဘာလ ၁၇ ရက်နေ့တွင် လက်မှတ် ရေးထိုး ကြသည်။

ဤသို့ဖြင့် ဗြိတိသျှ ပါလီမန်သည် ဗမာပြည်အား လွတ်လပ်ရေး ပေးရေး ဥပဒေကြမ်းကို ၁၉၄၇ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ထောက်ခံမဲ ၂၈၈၊ ကန့်ကွက်မဲ ၁၁၄ မဲ တို့ဖြင့် လက်ခံ အတည် ပြုလေသည်။ ထိုနောက် အာဏာ လွှဲပြောင်းရေး ကိစ္စ စသည် များကို လက်တွေ့ ပြင်ဆင် စီမံကြပြီး၊ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီ၊ မိနစ် ၂၀ တွင် ဗမာပြည်သည် 'လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်' အဖြစ် ကမ္ဘာသို့ ကြေညာ ခဲ့လေသည်။

***(တို့ဗမာ အစည်းအရုံး သမိုင်းမှ)***

ဆက်နွှယ်တဲ့ အကြောင်းအရာ

- ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ